# ရွှေဝါပြည်

ရန်ကုန်ဘဆွေ



# စာရေး သူ၏ အမှာ

ရွှေဝါပြည်သည် စာရေး သူ၏ စိတ်ကူး ဖြစ်၏ ။'စိတ်ကူး'ဟူသော စကားလုံးကို စာရေး သူက အနည်းငယ် ရှင်းပြလိုသည်။

ယခုအချိန်သည် အညမည စာတမ်းကြီးကို ဖတ်လျက် လူအတော် များများ တို့က အခွင့်အရေး တွေ ရနိုးနိုးဟု မျှော်မှန်း၍ ဝမ်းထဲကမပါဘဲ'ဆိုရှယ်လစ်'နေကြသည့်အချိန် ဖြစ်၏ ။

ထိုအချိန်မျိုးတွင် စာရေး သူက မလွှဲမရှောင်သာဘဲ ဖွင့်ထုတ် ဝန်ခံရမည် မှာ အားနာသည်။ သို့ သော် ဝန်ခံရ၊ ဖြောင့်ချက်ပေးရပါမည် ။

'စာရေး သူသည် တရားရှင် ရုပ်ကြွမ်းဝါဒသမား၊ သို့ မဟုတ် တရားရှင်ရုပ်ကြွမ်းတရားကို ယုံကြည်သူ ဖြစ်သည်'

အနည်းငယ် ရှင်းရမည် ဆိုလျှင် ...တရား = ဘုန်းတော် ကြီးဟောသော အကြောင်းအရာများ ၊ နိုင်ငံရေး သမား ဟောသော အကြောင်း ဖြစ်ရပ်များ ၊ တစ်ယောက် နှင့် တစ်ယောက် ငြင်းကြခုံကြ၊ ထိုးကြကြိတ်ကြ၊ သတ်ကြဖြတ်ကြသဖြင့် တရားရုံးတို့၌ တရားသူကြီးရှေ့တွင် ရှင်းလင်းတင်ပြကြရသော ဖြစ်ရပ်အကြောင်းများ ။ထို့ကြောင့် ဖြစ်ရပ်အကြောင်း မှန်သမျှကို 'တရား'ဟုဖော်ပြလိုက်ခြင်း ဖြစ်၏ ။

'တရားရှင်' = တရားအရှင်၊ အသေမဟုတ်သော တရား၊ ရွေ့လျားနေသော အကြောင်း ဖြစ်ရပ်။ကမ္ဘာလောကကြီးတွင် တည်ရှိနေသည်ဟု သိသော ၊ မသိသော အရာဝတ္ထုအားလုံးတို့တွင် သော် လည်းကောင်း၊ထိုအရာအားလုံးတို့မှ ရိုက်ခတ်ထင်ဟပ်လာသော အတွေ းအခေါ်တို့၌ လည်းကောင်း၊အချိန်နှင့် အမျှ အမြဲတစေ ရွေ့လျားနေသည်၊ ပြောင်းလဲနေသည်၊ ဖြစ်ခြင်းနှင့် လည်းကောင်း၊ ပျက်ခြင်းနှင့် လည်းကောင်း ပေါင်းစပ်ရွေ့လျောနေသည်ဟု စာရေး သူက ယုံ၏ ။ဤသို့ ဘာမဆို ရွေ့လျားနေသည်ဟု ယုံကြည်မှု ကို 'တရားရှင်'ဟုစာရေး သူက အမည် တပ်သည်။

'ရုပ်' = ဖောက်ပြန်တတ်သော နည်းအမျိုးမျိုးတို့ဖြင့် ရွေ့လျားတတ်သော အရာအားလုံး၊'ကြမ်း' = ကြမ်းသည့် ပင်ကိုအတိုင်း၊ ပကတိအတိုင်း ရှိသည်။အနုစိတ်မပါ၊ အပြားမရှိ။ ပျက်စီးတတ်သော သဘောသည် ပျက်စီးတတ်သော သဘောမှ မပြောင်းလဲ တစ်မျိုးတည်းသာ ဖြစ်သော သဘော စမ်းသပ်ထိတွေ့မှု၌ သုံးခြင်းမဟုတ်ဘဲ အခေါ်အဝေါ်၌ သုံးသော 'ကြမ်း'ဟူသည့်စကား။

'ရုပ်ကြမ်း' = ဖောက်ပြန်ရွေ့လျားတတ်သော အရာအားလုံးတို့သည်ဖောက်ပြန်ရွေ့လျားတတ်သော အရာအားလုံးတို့သာ ဖြစ်ကြ၏ ။ ထို့ကြောင့် လောကတွင် ရှိသော အရာအားလုံးတို့သည် ဖောက်ပြန်ရွေ့လျားတတ်သော အရာတွေ ချည်း ဖြစ်ကြ၏ ။ထို့ကြောင့် ဖောက်ပြန်ရွေ့လျောတတ်သော သဘောရှိသည့် အရာအားလုံးတို့သည် ရုပ်တွေ ချည်း ဖြစ်ကြ၏ ။ရုပ်ကြမ်းဟူသော စကားကို စာရေး သူက အထက်ပါ အဓိပ္ပာယ်အတိုင်း ဆိုလိုခြင်း ဖြစ်၏ ။

'ဝါဒ' = ယုံကြည်မှု ၊ ယူဆမှု ။'ရုပ်ကြမ်းဝါဒ' = လောကတွင် ရှိသမျှ ဖြစ်ပျက်လှုပ်ရှားနေကြရသမျှအရာအားလုံးတို့သည် ရုပ်တွေ ချည်း ဖြစ်၏ ဟု ယုံကြည်ယူဆခြင်း။စာရေး သူက ဤအတိုင်း ယုံကြည်၏ ။ ယခုမှ မဟုတ်ပါ။ ကြာမြင့်ပါပြီ။ စာရေး သူ ရေး သားထုတ်ဝေခဲ့ဖူးသော 'ချစ်ဇနီးသို့ ' အမည် ရှိသော စာအုပ်ထဲ၌ ဤအကြောင်းတွေ ၊ ဤစာရေး သူ၏ ရုပ်ကြမ်းဝါဒ ယုံကြည်ချက်တွေ ကို အတော် အတန် ရှင်းလင်း ရေး သားခဲ့ဖူးပြီးပါပြီ။ဤသို့ ဆိုသော် ဘာကြောင့် 'စိတ်ကူး'ဟူသော စကားလုံးကို သုံးစွဲလိုက်ပါသနည်း။

စာရေး သူသည် 'စိတ်ကူး'ဟူသော စကားကို အများ ယုံကြည်နေကြသကဲ့သို့ အဓိပ္ပာယ်ယူဆ ရေး သားခြင်းမဟုတ်ပါ။ရှင်းရှင်း ဝန်ခံရသော် စာရေး သူသည် လူအများ ယုံကြည် ပြောဆိုခေါ်ဝေါ်နေကြသော 'စိတ်'အကြောင်းကို ယခုထက်ထိ သဘောမပေါက်၊ လေ့လာ၍ မရသေးပါ။

သို့ သော် ဂေါတမအနွယ်တော် ဖြစ်သော ဗုဒ္ဓ မပေါ်မီ အနှစ် ၅၀၀ ခန့်က ဟိန္ဒူ ဗြဟ္မဏတို့ နှုတ်တိုက်ရွတ်ဆိုလာခဲ့ကြသည့် 'ဥပနိသျှ' ကျမ်းရင်း၏ တစ်စိတ်တစ်ပိုင်းမျှ

ဖြစ်သော ရုပ်၊ နာမ်၊ ခန္ဓာ စသည့် စိတ်အကြောင်းအရာပါသော 'ဝိသုဒ္ဓိမဂ်' စသည်တို့ကို သူလိုငါလို ကြက်တူရွေး စကားပြောသကဲ့သို့ စာရေး သူ လေ့လာဖူးပါ၏ ။ သို့ သော် ယုံကြည်သဘောပေါက်လောက်အောင် မရှင်းလင်းပါ။

(မှတ်ချက် - 'ဥပနိသျှ' ခေါ် ရုပ်၊ နာမ်၊ ခန္ဓာတို့ကိုခွဲသော လက်ာကျမ်းသည် ဘီစီ ၁၅၀၀ ခန့်က ပေါ်လျက် ဟိန္ဒူဗြဟ္မဏတွေ နှုတ်တိုက်အာဂုံ ရွတ်ဆိုလာကြ၏ ။ ဗုဒ္ဓသည် ဘီစီ ၆ ခု ရာစုတွင် ပေါ်၏ ။ ဝိသုဒ္ဓိမဂ်ကို သျှင်သံဃပါလမထေရ် တောင်းပန်သော ကြောင့် သျှင်ဗုဒ္ဓဃောသရေး သားသော နှစ် သည် သာသနာနှစ် ၉၃၀၊ အေဒီ ၃ ခု ရာစု၌ ဖြစ်၏ )ဆိုလိုရင်းကား စာရေး သူသည် အများ သိနေ၊ ယုံကြည်နေကြသော 'စိတ်'ဆိုတာကို မသိပါ။

စာရေး သူ သိသော 'စိတ်'ကား 'စိတ္တ'ဟူသည့် ပါဠိကို မြန်မာအခေါ် ဖြစ်အောင် ပြောင်းလဲ၍ 'စိတ်'ဟု ခေါ်လိုက်ခြင်း ဖြစ်သော ခေါ်ဝေါ်မှု အမည် စကားလုံးကိုသာ သိသည်။ ထို့ကြောင့် 'စိတ်' = စိတ္တ = ဗမာလို တိုက်ရိုက်ပြန်လျှင် ဆန်းကြယ်ခြင်း ဖြစ်၏ ။ လူသတ္တဝါတို့ တွေ့ကြုံဖူး၊ မြင်ဖူး၊ကြားဖူး၊ သိဖူးသော အကြောင်းများ ၊ အရာဝတ္ထုများ တို့ကို လူ၏ ဦးနှောက်ဖြင့် ကြည်ကြည်လင်လင် ဆန်းကြယ်စွာ ထင်ဟပ်ယူနိုင်ခြင်း။'ကူး' = တစ်ခုနှင့် တစ်ခု ရောယှက်ခြင်း၊ ပေရေခြင်း၊ ပေါင်းစပ်ခြင်း၊တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်း။

'စိတ်ကူး' = မြင်ဖူး၊ ကြားဖူး၊ သိဖူးသော အကြောင်းအရပ်ရပ်တို့ကိုတစ်ခုနှင့် တစ်ခု ပေါင်းစပ်၍ ၊ ကူးယှက်စေ၍ ၊ ရောနှော၍ ရေး သားတင်ပြပါမည် ဟူသော အဓိပ္ပာယ် ဖြစ်၏ ။

သို့ သော် ထိုသူ၏ အကြောင်းလား၊ ဤသူ၏ အကြောင်းလား၊ ဟိုတိုင်းပြည်၏ အကြောင်းလား၊ သည်တိုင်းပြည်၏ အကြောင်းလားဟု စာဖတ်သူတို့က ထင်ကောင်း ထင်ကြပါလိမ့်မည် ။

ဤသို့ ထင်လျှင်လည်း မည် သူ၏ အကြောင်းမျှမဟုတ်ပါ၊ မည် သည့်တိုင်းပြည်၏ အကြောင်းမျှမဟုတ်ပါဟု ဖြေလိုပါသည်။ သို့ရာတွင် လောကတွင် ရှိသော လူတွေ နှင့် လောကတွင် ရှိသော တိုင်းပြည်တွေ ၏ အကြောင်း ဖြစ်ပါလိမ့်မည် ဟူ၍ ကား

ဝန်ခံလို၏ ။

ဤမျှနားမရှင်းဖွယ်ကောင်းသော ဖြေရှင်းချက်၊ ဝန်ခံချက်တို့နှင့် ပတ်သက်၍ စာရေး သူငယ်ငယ်က ဖတ်ဖူးသော ပုံတစ်ပုံကို သတိရသည်။

♥ ♥ ♥

တစ်ခါက ကမ်းခြေနှင့် ဝေးကွာလှသော ကျွန်းငယ်ကလေးတစ်ခု၏ ဘေးမှ မုန်တိုင်းမိသဖြင့် ရေကြောင်းပြောင်းလာရသော ပင်လယ်ကူးသင်္ဘောကြီး တစ်စင်းသည် ကျွန်းနှင့် အလွန်နီးကပ်စွာ ခုတ်မောင်းသွားသည်ဟုဆို၏ ။

ထိုအချိန်၌ သင်္ဘောသားတစ်ဦးသည် သင်္ဘောပေါ်တွင် ကွဲရှ ကျိုးပျက်နေသော အရာဝတ္ထုတို့ကို သုတ်သင်ရှင်းလင်းနေရာမှ လှိုင်းလုံးများ လိမ့်တက်နေသော ကျွန်း၏ သော င်စပ်သို့ ကြည့်မှန်ကွဲတစ်ခုကို ပစ်လိုက်၏ ။

မှန်ကွဲသည် ကျွန်း၏ ကမ်းစပ်သို့ မရောက်ဘဲ ကျောက်ဆောင်တစ်ခုကို ထိမှန်လျက် ကွဲကြေသွားရပြီးလျှင် အလွန်သေးငယ်သော အစကလေးတစ်ခုသာ ရေစပ်သော င်ပြင်ပေါ်သို့ ကျရောက်သွားသည် ဆို၏ ။ကျွန်းပေါ်မှ ပင်လယ်တွင် းသို့ ငါးရှာရန်ဆင်းလာသော လူကြီး တစ်ယောက် သည် ဒီရေကျနေသည့် သော င်းစပ်တွင် နေရောင် ၌ အလွန်တောက်ပြောင်သော အရာဝတ္ထုတစ်ခုကို တွေ ့၏ ။

ထိုလူကြီးသည် ထိုအရာဝတ္ထုကို ဂရုတစိုက် ကောက်ယူကြည့်၏ ။လူကြီး၏ စိတ်ထဲ၌ အလွန်ထူးဆန်း အံ့ဩနေလေသည်။လူကြီး တွေ ့မြင်ရသည်ကား ရိုးဖြောင့်ခြင်း၊ သည်းခံခြင်း၊ သိက္ခာသမာဓိရှိခြင်း၊ မည် သည့် သတ္တဝါ၏ အသက်ကိုမှ သတ်ဖြတ်ခြင်းအမှု မျ ုးမပြုခဲ့သော မိမိ၏ ဖခင်ရုပ်ပုံကို တွေ ့မြင်နေရသော ကြောင့် ဖြစ်၏ ။ လူကြီး၏ ဖခင်ကား လူကြီး လူပျိုပေါက်အရွယ်လောက်ကတည်းက ကွယ်လွန်သွားခဲ့ရသူ ဖြစ်သည်။

ဤအရာသည် မိမိ တံငါပြုလုပ်တော့မည် ကို ပင်လယ်နတ်တို့နှင့် တကွ နတ်

ဖြစ်နေဟန်ရှိသော မိမိဖခင်ကြီးက သိရှိ၍ သတိတရားရစေရန်သတိပေးခြင်း ဖြစ်ပေလိမ့်မည်ဟု လူကြီး၏ စိတ်ထဲက ယုံကြည်၏ ။ထို့ကြောင့် လူကြီးသည် အဆိုပါ အရာဝတ္ထုကို သစ်ရွက်စိမ်းတို့ဖြင့် အထပ်ထပ်ထုပ်၍ လုံချည်ခါးပုံစ၌ ချည်ပြီးလျှင် ငါးဖမ်းခြင်းအမှု ကို မပြုတော့ဘဲ အိမ်သို့ ပြန်၏ ။

လူကြီး၏ မိန်းမကား အလွန်ဆိုးဝါး ကြမ်းကြုတ်သူ ဖြစ်သည်။ ထို့ကြောင့် လူကြီးက ငါးမရှာဘဲ ပြန်လာသည်ကို ဆူအောင် ဆဲရေး ၏ ။ အမျိုးမျိုး ရန်ပြု၏ ။

သို့သော် လူကြီးသည် ယခင်ကထက် ပို၍ သည်းခံသည်။ ယခင်ကထက် ပို၍ စိတ်ရှည်သည်။ ယခင်ကထက် ပို၍ နူးညံ့လာသည်။ စိုက်ပျိုးခြင်း၊ သစ်ခုတ်ခြင်း၊ ရေထမ်းခြင်း စသော သူတစ်ပါးအသက်နှင့် လိမ်လည်ခြင်းမျိုး မပါသည့် အသက်မွေးဝမ်းကျောင်း အလုပ်မျ ုးဖြင့် သာ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်၏ ။

သို့သော် မိမိဖခင်၏ ရုပ်ပုံကို လျှို့ ဝှက်စွာ သိမ်းဆည်းထားရာမှ လူသူမမြင်အောင် မကြာမကြာ ထုတ်ကြည့်လေ့ရှိ၏ ။ လူကြီး၏ မိန်းမသည် လူကြီးဤသို့ ပြု လုပ်သည်ကို သတိထားမိလာသည်။

တစ်နေ့တွင် လူကြီး ထင်းခုတ်သွားခိုက် ထိုအရာဝတ္ထုကို ထုတ်ယူ၍ လူကြီးမိန်းမက ကြည့်၏ ။ အလွန်ဝန်တိုသော ၊ ပြစ်မှာ းတတ်သော ၊ ငြူ စူစောင်းမြောင်းတတ်သော ၊ မျက်လုံး ပါးစပ်တို့နှင့် ကြမ်းတမ်းယုတ်မာဟန်ရှိသော အရုပ်ဆိုးလှသည့် မိန်းကြီး တစ်ယောက် ၏ ပုံကို တွေ ့လေသည်။မိန်းမကြီးသည် အလွန်အံ့သြစွာ စူးစိုက်ကြည့်နေရာမှ အထိတ်တလန့် အောက်သို့ ပစ်ချလိုက်၏ ။

'အမယ်လေးတော် ...၊ ဒါဟာ စုန်းမတွေ ဖန်ဆင်းထားတာ ဖြစ်မှာ ပါပဲ၊ သူဟာ စုန်းမနဲ့ မယားငယ်နေပြီး သူ့စုန်းမရဲ့ ပုံကို ခဏခဏ ခိုးကြောင်ခိုးဝှက် ထုတ်ထုတ်ကြည့်နေတာပါလား၊ ဒါလောက် အရုပ်ဆိုး အကျည်းတန်ပြီး ကြမ်းတမ်းယုတ်မာတဲ့ မိန်းမကို သူမို့ မယားငယ်ထားဝံ့တယ်တော့'ဟု အသံကုန်ဟစ်၏ ။

အရုပ်ထဲရှိ လူတို့သည် မိန်းမကြီးအိမ်သို့ ဝိုင်းအုံလာကြ၏ ။ မိန်းမကြီးသည်

ငိုယိုကျိန်ဆဲရင်း မိမိယောက်ျား၏ မယားငယ် ဖြစ်သော ကြောက်မက်ဖွယ်ကောင်းသည့် စုန်းမ၏ ရုပ်ပုံကို ကြည့်လှည့်ကြစမ်းပါဦးဟု ငိုယိုလျက် တိုင်၏ ။

သို့ သော် အရပ်ထဲ၌ ရှိသော လူအားလုံးတို့သည် စုန်းမ ဖန်ဆင်းထားသော ပြောင်လက်လက်အရာကို မည် သူမျှမကိုင်ဝံ့ကြသဖြင့် အဝေးမှနေ၍ သူ့ထက်ငါ အလုအယက် တိုးဝှေ့ကြည့်ကြ၏ ။

ထိုအချိန်၌ တောသို့ ထင်းခုတ်သွားသော လူကြီးသည် မောမောပန်းပန်း အိမ်ပြန်ရောက်သည်နှင့် လူအများ ရှေ့တွင် မိမိအား ဆီးကြိုဆဲရေး လိုက်သော မိန်းမ ဖြစ်သူကို တွေ့ ရ၏ ။ ထို့နောက် မိမိ အမြတ်တနိုး ကိုးကွယ်ထားသော မိမိဖခင်၏ ရုပ်ပုံကိုလည်း ခြေနင်းကြမ်းပြင်တွင် ကျရောက်လျက်တွေ့ ရ၏ ။

လူကြီးသည် မချုပ်တည်းနိုင်လောက်အောင် စိတ်ထိခိုက်သွား၏ ။ဖခင်၏ ရုပ်ပုံကို ကောက်ယူလျက် ဘုရားစင်ပေါ်သို့ တင်လိုက်၏ ။ ထို့နောက်မိန်းမကြီး၏ ဆံပင်ကို ဆွဲရစ်လျက် အိမ်ပေါ်မှ မြေကြီးသို့ ပစ်ချ၏ ။ မိန်းမကြီးသည် မြေကြီးမှ လူးလဲထ၏ ။

'ဟဲ့ ... နင် ဘယ်တုန်းက ငါ့ကို မော်ကြည့်ဖူးလို့လဲဟဲ့ ...၊ အခုတော့နင့်မယားငယ် စုန်းမရုပ်ပုံကို ယူကြည့်မိရုံနဲ့ ငါ့ကို ဒီလိုလုပ်သပေ့ါလေ၊နင့်ကို ငါ မကျေဘူး၊ ဘယ်တော့မှ မကျေဘူးဟဲ့ မအေ ... ရဲ့ ...'ဤအတိုင်း သံကုန် အော်၏ ။ သံကုန် ငို၏ ။ သံကုန် ရန်တွေ့ ၏ ။ သံကုန် ဆဲရေး ၏ ။ ယခုတစ်ကြိမ်တွင် လူကြီးသည် လုံးဝ သည်းမခံတော့ဘဲ မိန်းမကြီးကို ရိုက်နှက်မည် ဟု လက်ဆုံကျည်ပွေ့ကို ဆွဲ၏ ။ ရပ်သူရွာသားတို့သည် လူကြီးကိုလည်း ဝိုင်းဆွဲထားကြ၏ ။ မိန်းမကြီးကိုလည်းအဝေးသို့ အတင်းခေါ်ဆောင်သွားကြရန် အားထုတ်၏ ။

ထိုအချိန်၌ တစ်ရွာလုံးက လေးစားကြည်ညိုသော ရွာဦးကျောင်းဘုန်းတော် ကြီး ဆွမ်းခံကြွလာသည်နှင့် ဆုံလေသည်။ဘုန်းတော် ကြီးက မည် သို့ ဖြစ်သနည်းဟု မေးမြန်းသော အခါ ဒကာဒကာမတို့က အကြောင်းစုံကို ဝိုင်းဝန်းလျှောက်ထားကြ၏ ။ ဤသို့ ဆိုလျှင်ထိုရုပ်ပုံကို ငါ့ဆီယူခဲ့ဟု ဘုန်းတော် ကြီးက အမိန့်ရှိ၏ ။လူကြီးသည် ဘုရားစင်ပေါ်၌

တင်ထားသော ပြောင်လက်လက်အရာဝတ္ထုကလေးကို တရိုတသေယူလျက် ဘုန်းတော်ကြီးလက်သို့ ဆက်ကပ်၏ ။

ဘုန်းတော်ကြီးသည် ထိုအရာဝတ္ထုကလေးကို သေသေချာချာ စူးစိုက်ကြည့်လေသည်။ ထို့နောက် သပိတ်ပေါ်တွင် မိမိ၌ ပါလာသည့် ပဝါငယ်ကိုခင်းလျက် ထိုအရာကလေးကို တရိုတသေတင်၏ ။ ထို့နောက် မြေပြင်တွင် ထိုင်လျက် ထိခြင်းငါးပါးနှင့် ဦးချ၏ ။ ထို့နောက် ဘုန်းတော်ကြီးက ပြောသည်ကား ...

'ဒကာတို့၊ ဤရုပ်ပုံသည် ဒကာတို့ရွာထဲ၌ ထားရန် မသင့်လျော်၊ ဤရုပ်ပုံကား အလွန်အကျင့်သိက္ခာနှင့် ပြည့်စုံသော ကြည်ညိုဖွယ်ကောင်းသည့်ဘုန်းတော်ကြီးတစ်ပါး၏ ပုံဖြစ်သည်၊ ငါ၏ ကျောင်း ဘုရားခန်းထဲ၌ ထားရပေမည် 'ဟု ပြော၍ မှန်ကွဲငယ်ကို ယူသွားလေသည်။ထိုကျွန်းသားတို့ကား မှန်ကို မြင်လည်းမမြင်ဖူး၊ ကြားလည်း မကြားဖူးကြချေ။

ယခု ရေး လတ္တံ့သော 'ရွှေဝါပြည်'သည်လည်း ဖော်ပြပါ ပုံပြင်ထဲ၌ ပါသော မှန်ကွဲငယ်ကဲ့သို့ ဖြစ်ကောင်း ဖြစ်မည် ။ အကယ်၍ ဖြစ်ခဲ့သော် ပုံပြင်တွင် ပါရှိသူတို့ စိတ်လှုပ်ရှားဘိသို့ အချို့အချို့တို့လည်း စိတ်လှုပ်ရှားကောင်းလှုပ်ရှားကြပေလိမ့်မည် ။

စာရေး သူသည် ထိုသို့ လှုပ်ရှားကြမည် ကို ကြိုတင်သိထားသော ကြောင့် ကြိုတင်ခွင့်လွှတ်ပြီး ဖြစ်နေ၏ ။စာရေး သူကိုလည်း စာဖတ်ပရိသတ်တို့က ခွင့်လွှတ်ကြပါလိမ့်မည် ဟု မျှော်လင့်သည်။

'မထိအိအာဒါသ၊ ကြေးမုံမြဝယ်၊ မုခနိမိတ်၊ မျက်နှာရိပ်သို့၊ မမိုတိတ်မသုံ၊ ကြည့်လင့်ကုန်'

ရန်ကုန်ဘဆွေ

♥ ♥ ♥

# (၁)

ရွှေဝါပြည်၌ ဆန်ပေါ၏ ။ထို့ကြောင့် ရွှေဝါပြည်သားတို့အားလုံး ထမင်းဝနေကြ၏ ။ ထမင်းဝသော ကြောင့် ထုံးစံအတိုင်း ပျင်းကြ၏ ။ ပျင်းသော ကြောင့် တဖြည်းဖြည်းဖျင်းလာ၏ ။ ဖျင်းသော ကြောင့် ကြာသော် ငတ်ကြကုန်၏ ။ထို့ပြင် ရွှေဝါပြည်သူပြည်သား အားလုံး ဘာမျှမအောင့်နိုင်၊ စိတ်အားညံ့ဖျင်းလာကြ၏ ။

ဘာမျှမလုပ်ဘဲ ဘယ်အရာမဆို အချောင်လိုချင်လာကြ၏ ။ ဘယ်သူမဆို မိမိအဖို့ချည်း စဉ်းစားလာကြ၏ ။ဘာကိစ္စမဆို မိမိဘက်ကချည်း တွေ းတောလာကြ၏ ။ ဤမျှနိမ့်ကျသော ရွှေဝါပြည်သူပြည်သားတို့၏ စိတ်နေယိုယွင်းမှု သည် ဝမ်း ရောဂါ ကူးစက်သကဲ့သို့ မိမိစစ်တပ်တွင် းသို့ ရောက်အောင် ကူးစက်ပြီးနေပြီကို ဗိုလ်ချုပ်ကြီးသန်မာသည် ယခုမှ သိ၏ ။

ဗိုလ်ချုပ်ကြီးသန်မာ၏ မျက်လုံးထဲ၌ ရွှေဝါပြည်ကြီးသည် နေပူကျဲကျဲတွင် ကြည့်ရင်းကြည့်ရင်း အရည်ပျော်ကျနေသော ရေခဲတုံးကြီးကဲ့သို့ မြင်လာ၏ ။ ဖြစ်နိုင်လျှင် ဤရွှေဝါပြည်ကြီးတစ်ခုလုံးကို အဏုမြူဗုံးများ ဖြင့် တစ်ပြိုင်နက်တည်း ကြဲချ ဖောက်ခွဲပစ်ချင်လာ၏ ။ တွေ းရင်းတွေ းရင်း အလွန်စိတ်မချမ်းမသာ ဖြစ်နေရာမှ ငေါက်ခနဲ ထရပ်၏ ။

တစ်ပြိုင်တည်းပင် ပြင်းထန်သော သေနတ်သံများ ကို အလွန်နီးကပ်စွာ ကြားရ၏ ။ သေနတ်ကျည်ဆန်များ သည် နံရံကိုဖောက်ဝင်လာကြ၏ ။အချက်ဆက်ထွက်သော စက်သေနတ်ငယ်ကလေးများ ၏ အသံသည်အဆက်မပြတ် ပေါ်လာ၏ ။ ထိုအသံတို့ကြားထဲမှ အော်ဟစ်ဆဲဆိုနေကြသော အသံတို့သည် လူသံနှင့် မတူဘဲ တိရစ္ဆာန်တွေ အော်နေသလို ပေါ်ထွက်၏ ။

ဧည့်ခန်း၏ အပြင်ဘက်၌ အကြိတ်အနယ် တိုက်ပွဲ ဖြစ်နေဟန် ရှိသည်။

ဧည့်ခန်းတွင် အရေး အကြောင်းရှိက လွယ်လင့်တကူ ထွက်နိုင်သော ထွက်ပေါက်သုံးခု ရှိ၏ ။ ဗိုလ်ချုပ်ကြီးသန်မာ၏ စားပွဲအတွင်း ၌ အလိုရှိလျှင်အသင့် အသုံးပြုရန်ထားသော ကျည်ဘူးအသင့်တပ်ပြီး စက်သေနတ်အပေါ့စား တစ်ခုရှိ၏ ။

ဗိုလ်ချုပ်ကြီးသန်မာသည် အကြောင်းရှိက အလွယ်တကူ ထွက်နိုင်သော ထွက်ပေါက်ကို လှမ်းကြည့်သည်။ ထို့နောက် စားပွဲအံဆွဲကိုဖွင့်လျက်စက်သေနတ်ငယ်ကို ကြည့်သည်။ ထို့နောက် စားပွဲအံဆွဲကို ဆောင့်ပိတ်လျက် လက်ချည်းသက်သက် တိုက်ပွဲ ဖြစ်နေရာဘက်သို့ ဣန္ဒြေရစွာ ထွက်၏ ။

တံခါးဖွင့်လိုက်သည်နှင့် ယမ်းနံ့များ က နှာခေါင်းထဲသို့ ဝင်လာ၏ ။မှော င်နေသော ယမ်းငွေ့များ အတွင်း ၌ သွေးအိုင်ထဲတွင် အတုံးအရုံးကျဆုံးနေသော မိမိ၏ ဗိုလ်၊ အကြပ်တပ်သားတို့ကို တွေ့ ရ၏ ။ ထို့နောက် ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့သော မိမိအား ရန်ပြုလာသူတို့ကို တွေ့ ရ၏ ။ဗိုလ်ချုပ်ကြီးသန်မာ၏ ပါးစပ်သည် ဟသွား၏ ။ ထို့နောက် အသက်ရှူရမည် ကို မေ့လျော့နေ၏ ။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်၏ ။ဗိုလ်ချု ပ်ကြီးသန်မာ၏ ရယ်မောခြင်းကို ပစ်ခတ် တိုက်ခိုက်နေသူတို့က အံ့အားသင့်လျက် အပစ်အခတ် ရပ်သွားကြ၏ ။ သေနတ်ကြီးတွေ လက်ကကိုင်လျက် မျက်လုံးအပြူး သားနှင့် ဝိုင်းကြည့်ကြ၏ ။ ရှေးဦးစွာ သတိရသူကား ဗိုလ်မှူး ကျော်တိုင် ဖြစ်သည်။

ဗိုလ်မှူး ကျော်တိုင်သည် ဗိုလ်ချုပ်ကြီးသန်မာ၏ ရှေ့ ပြေးရပ်လျက်အကာအကွယ်ပေးလိုက် ၏ ။ ဤသို့ပြုလုပ်မှု ကြောင့် ပင်လျှင် တစ်ဖက်မှသတိရလာကြကာ သေနတ်သံပေါ်လာ၏ ။ ထိုသေနတ်သံနှင့် အတူ ဗိုလ်မှူး ကျော်တိုင်နှင့် တကွ ဗိုလ်ချုပ်ကြီးသန်မာလည်း လဲကျသွား၏ ။

♥ ♥ ♥

ကမ္ဘာမြေလုံးပေါ်၌ မြောက်ဘက် နေသွားလမ်းကြောင်းတည့်တည့်လောက်တွင် ရွှေဝါပြည် ရှိ၏ ။ တောင်တန်းကြီးများ နှင့် ပင်လယ်ပြင်တို့ဝန်းရံ ကာပတ်ထားသော ကြောင့် ရှေးခေတ်အခါက အခြားသော တိုင်းပြည်တို့မှ လာရောက်ဝင်ထွက်ရန် ခဲယဉ်း၏ ။

မှတ်သုံသစ်တောကြီးများ သံ၊ သွပ်၊ ခဲပုပ်၊ ငွေ၊ ကျောက်စိမ်း၊ ပယင်းနှင့် ကျောက်နီထွက်သော တောင်များ ရှိ၏ ။ ရေနံထွက်သော မြေများ နှင့် သီးပင်စားပင် စိုက်ပျ ုးရန်ကောင်းသော မြေဩဇာဖြင့် စိမ်းစိုနေသည့် မြေပြန့်လွင်ပြင်များ ရှိ၏ ။ မြောက်ဘက် တောင်တန်းကြီးများ မှဖြတ်၍ အနောက်တောင်ဘက် ပင်လယ်ပြင်အထိ အလျားလိုက် စီးဆင်းနေသော ရွှေဝါဝတီမြစ်ကြီးလည်း ရှိ၏ ။ ထိုမြစ်ကြီး၏ ကမ်းဘေးဘက်တွင် ခိုင်းနွားများ ၊ ကျွဲများ တို့သည် ကွင်းပြင်ဖုံးမျှ ပေါပြည့်၏ ။ ကုန်းတန်း တောင်ကမူတို့၌ မှုမြင်းများ နှင့် အခြားသော တောတိရစ္ဆာန်များ ပျော်ပါးမြူး ထူးကြ၏ ။ဤသို့ သော အရပ်တွင် ရွှေဝါလူမျိုးတို့သည် အချင်းချင်း မိုလ်လုလျက် ပြည်နယ်အသီးသီး ခွဲဝေ မြို့ ပြတည်ထောင်နေကြ၏ ။လွန်ခဲ့သော နှစ် ပေါင်း ၁၉၅၀ ခန့်က ရွှေဝါပြည်ကို ရောက်ခဲ့ဖူးသော အီရန်ကုန်သည်ကြီးတစ်ဦး၏ မှတ်တမ်းတွင် အောက်ပါအတိုင်း အမှတ်အသား ပြုခဲ့၏ ။

'ရွှေဝါပြည်ကိုအစိုးရသော မင်းသည် ထင်ရှားကျော်စော၏ ။ သူ၏ စစ်သည်ရဲမက်များ သည် ကသွဲ့ယ၊ ပလ္လဝနှင့် ဏန္ဒုမြစ်ဝှမ်းတစ်လျှောက်နိုင်ငံရှိ ရဲမက်မိုလ်ပါများ ထက် များ ပြားသည်။ စစ်ချီတက်တိုင်း တိုက်ဆင်ပေါင်း ငါးသော င်းနှင့် ချီတက်၏ ။ တပ်မတော် ကြီးတွင် စစ်သည်ရဲမက်ကိုမဆိုထားဘိ၊ အဝတ်လျှော်သော ခဝါသည်ဦးရေပင် တစ်သော င်းကျော်၏ ။ထိုရွှေဝါပြည်၌ အခြား ဘယ်နိုင်ငံမျှ မရက်တတ်သော အဝတ်အထည်မျိုးကို တွေ့ ရ၏ ။ ထိုအဝတ်အထည်မျိုးတို့ကို ဝတ်ဆင်ရန် ချုပ်လုပ်ပြီးသော အခါ အလွန်နူးညံ့ ပျော့ပျောင်းသော ကြောင့် လက်စွပ်ကွင်းထဲသို့ ထုတ်ပေါက် လျှိုနိုင်၏ ။ သားမြီးဖြင့် ပြုသော ယပ်များ ကိုလည်း မြင်ဖူးခဲ့ရ၏ ။ ခေါင်းပေါ်၌ ဦးချိုတစ်ချောင်းတည်းသာရှိသော ဆင်းတို့အခေါ်နှင့် ကြံ့ခေါ်သည့် အကောင်မျိုးကိုလည်း တွေ့ ခဲ့၏ ။

ကျွန်ုပ်တို့သည် ထိုရွှေဝါပြည်၌ ကြံ့သားကို စားခဲ့ကြရ၏ ။ ရွှေဝါပြည်သစ်တောတို့၌ ကြံ့ကောင် အလွန်ပေါများ ၏ ။ အခြားနိုင်ငံများ တွင် ကြံ့ကောင်ကို ကျွန်ုပ်တို့ တွေ့ဖူးကြသော်လည်း ရွှေဝါပြည်တွင် တွေ့ရသော ကြံ့များ လောက် ဦးချို လှပသည့် ကြံ့ကောင်တို့ကို မတွေ့ဖူးခဲ့ကြရ။ရွှေဝါပြည်သားတို့သည် ထိုကြံ့ကောင်တို့၏ ဦးချို များ ကို ထွက်ကုန်အ ဖြစ် တရုတ်ပြည်သို့ တင်ပို့ကြ၏ ။ တရုတ်တို့သည် ကြံ့ချိုများ ကို ခါးပတ်ပြုလုပ် ဝတ်ဆင်ကြ၏ ။ တန်ဖိုးကြီးစွာ ပေး၍ ဝယ်ကြ၏ ။ ကြံ့ချို၏ ပုံပန်းကိုလိုက်၍ လှပလွန်းလျှင် ငွေပိဿ ၇ချိန် သုံးလေးဆယ်ပေး၍ ဝယ်ယူကြသည်။ကြံ့ချိုများ အပြင် ဆင်စွယ်တို့ကိုလည်း အရောင် းအဝယ် ပြုကြသေး၏ ။ ရွှေဝါပြည်သားတို့သည် ဆင်ကို ဖမ်းရာ၊ မွေးမြူကြရာ၌ ဂုတ္တနိုင်ငံသားတို့ထက်ပိုမိုကျွမ်းကျင်ကြသည်။

အထက်ပါ အီရန်ကုန်သည်ကြီး၏ မှတ်တမ်းအပြင် တရုတ်ပြည်ကြီး၏ သမိုင်း၌ လည်း ရွှေဝါပြည်အကြောင်းကို ရေး သားထားသော မှတ်စုမှတ်တမ်းအချို့ ရှိသေးသည်။ ထိုတရုတ်ပြည်ကြီး၏ သမိုင်း၌ ရွှေဝါပြည်ကြီး၏ အကြောင်းကို ရေး သားရာတွင် ရွှေဝါပြည်မင်းကြီးသည် တိုင်းခန်းလှည့်လည်သော အခါ ရွှေကြိုး များ ဖြင့် ဆိုင်းတပ်သော သလွန်ညောင်စောင်းထက်၌ လဲလျောင်းရင်းထွက်သည်ဟု ဆို၏ ။

ခရီးဝေးလံချိလျှင် ဆင်စီး၍ ထွက်၏ ။ နန်းတွင် း၌ ရွှေဝါပြည် ဘုရင်မင်းကြီးကို ရာပေါင်းများ စွာ သော အပျိုတော် တို့ ဝန်းရံခစား၏ ။ရွှေဝါပြည်သားတို့သည် နိုင်ငံ၏ မြို့ ရိုးကြီးများ ကို စိမ်းဖန့်ဖန့်အရောင် ရှိသော စဥ့်အုတ်ချပ်များ ဖြင့် ဆောက်လုပ်၏ ။ မြို့ များ သည် မြို့ ဝိုင်းများ ဖြစ်ကြလျက် ကျယ်ဝန်းလှပ၏ ။ မြို့ ရိုးတံခါး ၁၂ ပေါက် ရှိ၏ ။ မြို့ ၏ လေးမျက်နှာဘက် စေတီတစ်ဆူကျစီ တည်ထား၏ ။

နိုင်ငံသူ နိုင်ငံသားတို့သည် မြို့ တွင် း၌ သာ နေကြ၏ ။ မြို့ သူမြို့ သားများ သည် အိမ်ကို သတ္တုများ ၊ သွပ်များ ဖြင့် ပြုလုပ်ထားသော အုတ်ကြွပ်ဖြင့် မိုးကြ၏ ။ ပိတောက်သား၊ ကျွန်းသား၊ ပျဉ်းကတိုးသားတို့ဖြင့် အိမ်ကိုဆောက်လုပ်ကြ၏ ။

နိုင်ငံသူ နိုင်ငံသားများ သည် သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်းမှ တတ်အားသရွေ့ ရှောင်ကြဥ်ကြ၏ ။ တစ်ဦးနှင့် တစ်ဦး တွေ့သော အခါတစ်ဦး၏

လက်မောင်းနှစ် ဖက်ကို တစ်ဦးက လက်နှစ် ဖက်ဖြင့် ဆုပ်လျက်နှုတ်ဆက်ကြ၏ ။ လူတိုင်းလူတိုင်း နက္ခတ်ဗေဒင် ဟောတတ်ကြခြင်း၊ ယုံကြည်တတ်ခြင်းမှာ ရွှေဝါပြည်၏ ထူးခြားချက်တစ်ရပ် ဖြစ်၏ ။

ရွှေဝါပြည်သားတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ မဟာယနနှင့် ဟိနာယန ဗုဒ္ဓဘာသာနှစ် ခုလုံးကို ရောယှက်ကိုးကွယ်ကြ၏ ။ နတ်ကိုလည်းကိုးကွယ်ကြ၏ ။ ဘုန်းကြီးများ သည် ဒကာ၊ ဒကာမတို့အပေါ်၌ ဩဇာရှိလျက် လူ့ကိစ္စတို့ကို ဆုံးမညွှန်ကြားကြရ၏ ။ ထို့ကြောင့် လည်း ဒကာ၊ဒကာမတို့က ဘုန်းကြီးကျောင်းပေါင်း မြောက်မြားစွာ ဆောက်လုပ်ကိုးကွယ်ထားကြသည်။

ဘုန်းကြီးကျောင်းများ ကိုလည်း မှန်ရောင် တောက်သော အုတ်ချပ်ဖြင့် ဆောက်လုပ်ကြ၏ ။ မှန်ရောင် တောက်သော အုတ်ချပ်ကို ဟင်္သပဒါးသုတ်ကာ ရွှေ၊ ငွေတို့ဖြင့် စီခြယ်၏ ။ လှပသော ဆေးရောင် များ ဖြင့် လည်း သုတ်၏ ။ ကျောင်းများ ၏ ကြမ်းပြင်ကိုလည်း ဆေးသုတ်၍ အရောင် တင်ထားကြ၏ ။ ထိုကြမ်းပေါ်၌ အဆန်းတကြယ် ပြုလုပ်သော ကော်ဇောကြီးများ ခင်းထားကြကုန်၏ ။

ဘုရင့်နန်းတော် ကိုလည်း ဘုန်းကြီးကျောင်းများ ကဲ့သို့ လှပစွာ ဆောက်လုပ်၏ ။ ဘုရင့်နန်းတော် ကို ဘုန်းကြီးကျောင်းကဲ့သို့ အတုပြု၍ ဆောက်သလော၊ ဘုန်းကြီးကျောင်းကို ဘုရင့်နန်းတော် ကဲ့သို့ အတုပြု၍ ဆောက်သလော ကျွန်ုပ်တို့ မသိခဲ့ရပေ။

ကျွန်ုပ်တို့ သိခဲ့ရသည်ကား ယောက်ျားကလေးများ သည် ခုနစ်နှစ် သား အရွယ်သို့ ရောက်လျှင် ခေါင်းတုံးရိတ်ပြီး သင်္ကန်းဆီးကြရ၏ ။အသက်နှစ် ဆယ် အရွယ်ထိအောင် ကိုရင်ဝတ်ပြီးမှ လောကုတ္တရာစာပေကိုမတတ်ကျွမ်းလျှင် လူဝတ်ပြန်ပြု ကြရသည်။

ထို ကိုရင်လူထွက်တို့သည် ဆံပင်မရှည်မီ ကာလအတွင်း ၊ ရွှေဖြင့် ပြုလုပ်သော ပန်းနွယ်ပန်းခက်များ တပ်ဆင်ထားသည့် ဦးထုပ်မျိုး၊ ပုလဲများ ၊အဖိုးတန်သော ကျောက်များ စီခြယ်ထားသည့် ဦးထုပ်မျိုးတို့ကို ဆောင်းကြ၏ ။ ကြွယ်ဝချမ်းသာလျက် အမျိုးမြတ်သော

သူတို့သည် ကြဲ၏ ဦးချိုနှင့် တူသော ဦးထုပ်မျိုးတို့ကိုပြုလုပ်၍ ဆောင်းကြ၏ ။ ဆံပင်ရှည်လာသော အချိန်တွင် ဦးရစ်ခေါင်းပေါင်းများ ကို ပေါင်းကြသည်။ ဦးရစ်ခေါင်းပေါင်းများ သည် ပါး၍ ချောသော ချည်မျှင်တို့ဖြင့် ပန်းပွင့်ပန်းခက်ပေါ်အောင်ပြုလုပ်ထားသော ပဝါများ ဖြစ်ကြ၏ ။ များ သော အားဖြင့် ကိုရင်လူထွက်များ မဟုတ်ကြလျှင် စစ်ချီတက်သော အခါမှ ဦးထုပ်များ ကို ဆောင်းတတ်ကြသည်။

ဘုရင့်နန်းတော် ကြီးတွင် ရွှေဖြင့် သွန်းလုပ်ထားသော ခေါင်းလောင်းပြားတစ်ခု၊ ငွေဖြင့် သွန်းလုပ်ထားသော ခေါင်းလောင်းပြားတစ်ခု၊ သစ်သားဖြင့် ပြုလုပ်ထားသော ကြီးမားလှသည့် ပုံကြီးတစ်ခု ရှိသည်။ ထိုအရာတို့ကိုအမှတ်အသား အမျိုးမျိုးဖြင့် နေ့စဉ် တီးခတ်ပေးရ၏ ။ ရွှေဝါပြည်သားတို့သည် ထိုတီးခတ်သံကို ကြားရသဖြင့် ဤကား အချိန်မည်မျှရှိပြီ၊ ဤကားဘုရင် မှုခင်း စစ်ပြီ၊ ဤကား အပြစ်ရှိသူတို့ကို အပြစ်ပေးပြီ၊ ဤကား ရန်သူတို့ နိုင်ငံအနီးအပါးသို့ ချဉ်းကပ်လာပြီ စသဖြင့် သိကြ၏ ။စစ် ဖြစ်မည် ဆိုလျှင် ကရမက် နံ့သာတုံးများ ကို မီးရှို့ကာ စစ်နိုင်မည် ၊ရှုံးမည် ကို နိမိတ်ကောက်ကြ၏ ။ ဗေဒင်တွက်ကြ၏ ။ နတ်ကို ပူဇော်ပသကြ၏ ။

ရွှေဝါပြည်တွင် ပေတစ်ရာမျှမြင့်သော နတ်ရုပ်ကြီးတစ်ခု ရှိ၏ ။ အမှု အခင်း ဖြစ်ပွားသူများ သည် ထိုနတ်ရုပ်ကြီး၏ ရှေ့တွင် နံ့သာတုံးများ ကို မီးရှို့လိုက်၊ ဒူးတုပ်ဝပ်တွားကာ အမှု ရှုံးမည် ၊ နိုင်မည် ကို အဓိဋ္ဌာန်ပြုကြ၏ ။နိုင်ငံတွင် း၌ ကပ် ရောဂါ ဆိုက်ရောက်လျှင်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးခြင်း၊ သီးနှံပျက်စီးခြင်း စသည်တို့ ဖြစ်ပွားလျှင် လည်းကောင်း ရွှေဝါပြည်ဘုရင်သည် ထိုနတ်ရုပ်ကြီးရှေ့သို့ သွားရောက် ဒူးတုပ်ကာ မင်းကျင့်တရားနှင့် အညီ ကျင့်ပါမည် ဟု တောင်းပန် အဓိဋ္ဌာန်ပြု၏ ။ ရာဇဝတ်ကောင်များ ကို ရွှေဝါသားတို့သည် အနှောင်အဖွဲ့ မပြုပေ။ကြီးလေးသော ရာဇဝတ်မှု ကျူး လွန်သူများ ကို ငါးလုံးပူးထားသော ကြိမ်ဖြင့် ကျောပြင်ကို ငါးချက်ရိုက်နက်၏ ။ ပြစ်မှု သေးငယ် ကျူး လွန်သူများ ကိုငါးလုံးပူးကြိမ်ဖြင့် သုံးချက်ရိုက်နက်၏ ။ ခိုးမှု ကျူး လွန်သူများ သည် ကြီးလေးသော ပြစ်မှု ကို အစပြု၍ ကျူး လွန်လာသူ ဖြစ်သော ကြောင့် သေဒဏ်အပြစ်ပေး၏ ။

ရွှေဝါပြည်တွင် ပဲ၊ စပါး၊ ပြောင်းများ ကို စိုက်ပျိုးကြ၏ ။ ကြံပင်များ လည်း လူ့ခြေသလုံးခန့် ထွား၏ ။ ဂျုံနှင့် ပိုက်ဆံပင်များ မပေါက်ချေ၊ စိုက်ပျိုးခြင်းလည်း မရှိကြချေ၊

ရွှေနှင့် ငွေများ ကိုလည်း လဝန်း၊ နေဝန်းနှင့် လခြမ်းသဏ္ဍာန် ပြုလုပ်သုံးစွဲကြ၏ ။ ရွှေဝါပြည်သားတို့သည် ညအချိန်တွင် အလင်းရောင် ရရန် ရေနံများ ၊ အခြားသော တိရစ္ဆာန်အဆီများ နှင့် ဖယောင်းများ ကို ခွက်သို့ ထည့်လျက်ထမင်းခြောက်များ ၊ နံ့သာတုံးများ ဖြင့် ရောထည့် မီးရှို့ထွန်းညှိကြ၏ ။နိုင်ငံနီးချင်းများ နှင့် ကုန်ချင်း ဖလှယ်ကြသော အခါ ဖွတ်ရေ၊ ဝါဂွမ်း၊သလင်းကျောက်၊ မြေရေတကောင်းများ ဖြင့် ဖလှယ်ကြ၏ ။

ရွှေဝါပြည်သူများ သည် ဆံပင်ရှည်ထားကာ ဆံထုံး ထုံးကြလျက်ပုလဲသွယ်များ ၊ ကျောက်မျက်ရဲတို့ဖြင့် စီခြယ်အပ်သည့် ရွှေကြိုး များ ကို ပန်ဆင်ကြ၏ ။ အရောင် အမျိုးမျိုး ဆိုးထားသော ထဘီကို ဝတ်ကြ၏ ။ အင်္ကျီပေါ်တွင် လည်း ပါးလွှာသော ပိုးတဘက်ကို ခြုံလွှမ်းထား၏ ။ လမ်းထွက်သော အခါ ယပ်တောင်များ ကို ကိုင်ဆောင်ကြသည်။ မင်းမှုထမ်းကတော် တို့၏ နောက်၌ ယပ်တောင်ကိုင် အမြောက်အမြား လိုက်ပါကြရ၏ ။ ဤသည်ကား လွန်ခဲ့သည့်နှစ် ပေါင်း တစ်ထောင်ကျော်က ရွှေဝါပြည်ကို ရောက်ဖူးလာကြသည့် တရုတ်အမျိုးသားတို့၏ မှတ်တမ်း ဖြစ်၏ ။

အထက်ပါမှတ်တမ်းကို ဖတ်ပြီးကြသော ရာဇဝင် ဝါသနာထုံသူတိုင်းရွှေဝါပြည်အကြောင်းကို ပို၍ စိတ်ဝင်စားစေနိုင်သော မှတ်တမ်းတစ်ခု ရှိသေးသည်။ ထိုမှတ်မ်းကို လွန်ခဲ့သည့် ၈၅ နှစ် က ဖိုက်ချ်အမည် ရှိသော အင်္ဂလိပ်လူမျ
းတစ်ဦးက ရေး ၏ ။

ရေးအခါ ရွှေဝါပြည်သို့ ရောက်ဖူးကြသော အီရန်ကုန်သည်ကြီးများ ၊တရုတ်အမျ
းသားများ ၏ မှတ်တမ်းနှင့် အင်္ဂလိပ်လူမျိုး ဖိုက်ချ်၏ မှတ်တမ်းသည် နှစ် ပေါင်း ၉၀၀ ကျော် ကွာခြား၏ ။

ဖိုက်ချ်က ဆိုလေသည်။ ရွှေဝါပြည်သားတို့သည် မွန်ဂိုအနွယ် ဖြစ်ကြောင်း သိသာထင်ရှား၏ ။ လုံးသော ဦးခေါင်း၊ ကျဉ်းသော နဖူး ရှိ၏ ။မျက်စိနေရာ၌ အထက်မှ

အောက်သို့ သွယ်ကျဉ်း၏ ။ ကျယ်၍ ပြားသော မျက်ကြီးသော ပါးရိုး ရှိ၏ ။ မေးရိုး ကြီးထွားဟန်မရှိ။ နှုတ်ခမ်းထူသယောင်နှင့် တင်းတင်းစေ့၏ ။ မေး တို၏ ။ နှာခေါင်းဝ ကျယ်၏ ။ ပြား၏ ။ မုတ်ဆိတ်မွေးပါးသိုင်းမွေး မရှိကြ။ နှုတ်ခမ်းမွေးသက်သက် ကျိုးကျဲရှိ၏ ။

အရပ် ၅ ပေခွဲပတ်လည် ရှိကြ၍ ကိုယ်ပေါက်လက်ရောက် အချိုးကျ၏ ။ ခြေတံလက်တံ မျှတ၏ ။ တည့်မတ်သော ဦးခေါင်း၊ ဖြောင့်တန်းသော ပခုံးလက်ပြင်၊ ကျယ်ကားသော ရင်အုပ်၊ သိမ်သော ခါး ရှိ၏ ။ ကြွက်သားကြီးများ စုထွက်နေသော ခြေထောက်များ ရှိ၏ ။ ကျန်းခံ့သန်စွမ်းသော လူမျိုး ဖြစ်သော ကြောင့် စိတ်မနှံ့သူ၊ ကိုယ်အင်္ဂါချ ့ယွင်းသူ နည်း၏ ။မိမိကိုယ်မိမိ ယုံကြည်စိတ်ချခြင်းကို မျက်နှာက ဖော်ပြ၍ ကျန်းမာသန်စွမ်းကြောင်းကို သွက်လက်သော ခြေလှမ်းက ဖော်ပြ၏ ။ ဆံပင်ကိုထိပ်ပေါ်တွင် ထုံး၍ ဆံထုံးကို ပိတ်ချော၊ သို့မဟုတ် ပိုးပဝါဖြင့် ရစ်ပတ်ထား၏ ။ ရာသီကိုလိုက်၍ ချည်ထည်၊ သို့မဟုတ် သက္ကလပ်အင်္ကျီကို ခါးအထိဖားလျားကျစေလျက် ဝတ်၏ ။ ခါး၌ ခြေသလုံးအထိဖုံးအုပ်သော ချည်၊သို့မဟုတ် ပိုးပခက်ခေါ်သည့်အရာကို ဝတ်၏ ။ တစ်ခါတစ်ရံ ထိုပုဆိုး၏ အစတစ်ဖက် ပခုံးပေါ်၌ ကပိုကရို တင်ထား၏ ။ အသားညို၏ ။ အချ ့ဝင်းဝါ၏ ။

ရှေ့ဝါပြည် အမျိုးသမီးတို့သည် အမျိုးသားများ ထက် အသားဝင်း၏ ။ သိမ်မွေ့သော ရုပ်ရည် ရှိကြ၏ ။ ကိုယ်လုံးလှပ ပြေပြစ်ကြော့ရှင်း၏ ။ သွယ်လျပျော့ပျောင်းသော ခြေလက် ရှိ၏ ။

ထူးဆန်းသည်ကား ရှေ့ဝါပြည်သူတို့သည် မွှေးသော သစ်ခေါက်တစ်မျိုးကို လှပစွာ ပြုလုပ်ထားသည့် ကျောက်ခပ်ထက်တွင် ရေဖြင့် သွေး၍ မျက်နှာနှင့် ကိုယ်လုံးကို လိမ်းလူး၏ ။ မျက်နှာပေါ်တွင် စိတ်ရသလောက်လှပစွာ ခြယ်လှူး၏ ။

ထိုသစ်ခေါက်၏ အရောင် သည် ဝါဖျော့လျက် လှပ၏ ။ ထိုသစ်ခေါက်၏ အနံ့သည် အလွန်ယဉ်ကျေးစွာ သင်းပျံ့ပျံ့ တငွေ့ငွေ့ မွှေး၏ ။မျက်နှာကို အလှအပပြုပြင်ရာ၌ ရှေ့ဝါပြည်သူတို့သည် အခြားသော လူမျိုးများ အသီးသီးတို့ထက် ထူးခြား၏ ။ စားရန် ပြု လုပ်ထားသည်လက်ဖက်ရွက်ကို မျက်ခုံးမွေးဆွဲရာတွင် အသုံးပြု၏ ။ ထိုအရွက်သည်

အသားဖြူဝင်းသူတို့အတွက် ညိုမောင်းမောင်းအရောင် ဖြစ်စေ၏ ။ မည်းနက်ပြက်ထင်ခြင်း မရှိ။ ပြေပြစ်၏ ။

နှုတ်ခမ်းနီစေရန် အပင်မှ ဖြစ်သော ကွမ်းရွက်၊ ကွမ်းသီး၊ ရှားစေးနှင့် မြေမှထွက်သော ထုံးတို့ကို ရောစပ်စား၏ ။ ထိုသို့ စားခြင်းသည် နှုတ်ခမ်းတွင် သင်းပျံ့သော အနံ့တစ်မျိုး အလွန်နူးညံ့စွာ စွဲမြဲကျန်စေသည့်အပြင်နှုတ်ခမ်းကို စကားနီရောင် ဖြစ်စေ၏ ။ ကွမ်းရွက်နှင့် ထုံးတို့သည် အသားအသွေးတို့၏ ပုပ်စပ်သော အနံ့ကို အထူးနိုင်နင်း၏ ။

ဤသို့ဖြင့် ရွှေဝါပြည်သူတို့၏ အလှအပ လိမ်းခြယ်မှု သည် ပြက်ပြက်ထင်ထင် မရှိစေဘဲ အနုပညာမြောက်၏ ။ကမ္ဘာပေါ်တွင် မည် သည့်မိန်းမမျိုးမှ မရရှိနိုင်သော အသင်းပျံ့ပျံ့ရနံ့ပိုင်ရှင်များ နှင့် ဂုဏ်ယူလောက်သော အမျိုးသား လိမ်းခြယ်မှု ကို ပိုင်ဆိုင်ထားသူများ ဖြစ်ကြ၏ ။

ရွှေဝါပြည်သူတို့၏ ဆံပင်သည် ရှည်လျားမည်းနက်၏ ။ ထိုဆံပင်ကို ကံ့ကော်ဝတ်မှုန်နှင့် ဒေါနအပင်ခြောက်တို့ပါသော ပန်းသတ်သည့် ဆီမွှေးဖြင့် သေသပ်စွာ လိမ်းကျံ၍ နောက်သို့ ကျလျက် ထုံး၏ ။ထိုဆံထုံးကို သစ်ခွပန်း၊ စံပယ်ပန်း၊ စကားပန်းတို့ဖြင့် လှပစွာ ရစ်ကုံးပန်ဆင်ကြ၏ ။

ရွှေဝါပြည်သူတို့သည် ပြည်တွင်း ဖြစ် အချိတ်ပိုးထဘီကို ဝတ်ဆင်ကြ၏ ။ ထဘီကို ခါး၌ တင်းကျပ်စွာ ချုပ်ထား၏ ။ ထဘီသည် ခါးမှခြေသလုံးအထိသာလျှင် ရှည်လျားဖုံးအုပ်၏ ။ ထဘီ၏ အောက်နားတွင် ရွှေချည် ငွေချည်နှင့် အနက် ကန့်လန့်စင်းများ ပါသော ပန်းနရောင် အောက်နားစသီထား၏ ။ ထိုအောက်နားစသည် ခြေဖဝါးအောက် ကြမ်းပြင်တွင် တစ်ပေခန့် ပုံနေ၏ ။

ထိုအောက်နားကို ရွှေဝါပြည်သူတို့သည် လမ်းလျှောက်ရာ၌ လည်းကောင်း လှပပျော့ပျောင်းစွာ နင့်ပင် နိုင်နိုင်နင်းနင်း သိမ်းနိုင်၏ ။ခါးချုပ်ဝတ်ထားသော ထဘီ၏ အထက်တွင် ရင်သားကို ဖုံးအုပ်စည်းနှောင်သည့် နီမောင်းသော အဝတ်စတစ်ခုကို ကိုယ်တွင် ပတ်ထား၏ ။ ထိုအဝတ်၏ အဆုံးအသတ် အစကို လက်ဝဲဘက်ချိုင်းအောက်တွင် ချိုးခေါက် ထိုးညှပ်၏ ။

ကိုယ်၏ အထက်ပိုင်း၌ ခါသာ ပိုး၊ သို့ မဟုတ် ဖဲအင်္ကျီရင်ခွဲကို ဝတ်ဆင်ကြ၏ ။ ပခုံးထက်၌ ပါးလွှာသော တဘက်တစ်ထည်သည် မပါလျှင်မ ဖြစ်သော ခြုံလွှမ်းသည့် အသုံးအဆောင်တစ်ခု ဖြစ်၏ ။ ထို့နောက် ခြေထောက်တွင် ပိုးကတ္တီပါ၊ ချည်ကတ္တီပါတို့ဖြင့် ပြု လုပ်သော နီလွင်သည့်ဖိနပ်ကို စီးလိုက်လျှင် ရွှေဝါပြည်သူတို့၏ ဆင်ယင်မှု မှာ ပြီးပြည့်စုံ၏ ။ သို့ သော် ရှိပါသေးသည်။ ရွှေဝါပြည်သူတို့သည် လည်ဆွဲနှင့် အဝတ်တန်ဆာတို့ကို ဝတ်တတ်ကြသေးသည်။ ထိုလက်ဝတ်တန်ဆာ အားလုံးကိုရွှေစင်တွင် ပတ္တမြားနှင့် အခြား အဖိုးတန်ကျောက်မျက်ရွဲများ ကို စီခြယ်ထား၏ ။ လည်ဆွဲသည် ရွှေစင်နှင့် အဖိုးတန်လှသော ကျောက်မျက်ရွဲကို တစ်ကုံး၊သို့ မဟုတ် သုံးကုံးမျှဖြစ်၍ ရင်လွှမ်းတန်ဆာသည် ရွှေစင်၌ ကျောက်မျက်ရွဲအများ အပြား စီခြယ်ထားသော ရင်တစ်ခုလုံးအပေါ်တွင် ဖုံးလွှမ်းနိုင်သည့်အလွှာအချပ်ကြီး ဖြစ်၏ ။

လက်ကောက်ကို အချို့က တံတောင်ဆစ်သို့ တိုင်အောင် ရွှေအတိဝတ်ဆင်ကြ၏ ။ အချို့ကမူ ကျောက်မျက်ရွဲတို့ စီခြယ်သည့် အဖိုးထိုက်တန်လွန်းလှသော တစ်ရံတည်းသော လက်ကောက်ကိုသာ ဝတ်ဆင်ကြ၏ ။ ရွှေဝါပြည်သူတို့သည် ကမ္ဘာ၌ လွတ်လပ်ခွင့်အပြည့်ရရှိသော အမျိုးသမီးများ ဖြစ်ကြ၏ ။ ယောကျ်ားကို ချစ်ခင်ရိုသေကြသော်လည်း ယောကျ်ားတို့နှင့် ထပ်တူထပ်မျှမဆို ပြုလုပ်၏ ။ တန်းတူလည်း အလုပ်လုပ်ကြ၏ ။ထွန်ယက်စိုက်ပျိုးခြင်း၊ မြင်းစီးခြင်းနှင့် အခြား ကြမ်းတမ်းသော အလုပ် အားလုံးတို့ကို လုပ်ကြလေသည်။

သို့ သော် ရွှေဝါပြည်သူတို့သည် အလုပ်မလုပ်သော အလွတ်အချိန်တွင် သွားလာနေထိုင်ရာ၌ ယဉ်ကျေးသိမ်မွေ့ခြင်းကို ဂုဏ်ယူကြ၏ ။ ထို့ကြောင့် ရွှေဝါပြည်သူတို့၏ ခါးတွင် ပတ်ထားသော ထဘီသည် မြေပြင်ပေါ်၌ တစ်ပေမျှ ပိုကျနေသော အနားကို သီထပ်ထား၏ ။ ထိုအနားသည် ဒူးဆစ်အောက်ခြေမှ စတင်လျက် ရွှေချည်ငွေချည် အစင်းများ ဖြင့် လှပစွာ ချုပ်လုပ်ထား၏ ။

ရှည်လျားသော ထဘီအနားပါသည့် ထဘီကို ဝတ်ဆင်လျက် ရွှေဝါပြည်သူတိုင်း လျင်မြန်ဖျတ်လတ်စွာ အလုပ်လုပ်နိုင်၏ ။ သွားလာနိုင်၏ ။ကခုန်နိုင်၏ ။

သို့သော် လမ်းသွားလျှင် ယဉ်ကျေးဖွယ်ရာရှိသည်။ ဤသို့ ယဉ်ကျေးဖွယ်ရာ ပြုနိုင်ခြင်းကိုလည်း တန်ဖိုးထား၏ ။ ခြေတစ်လှမ်းလျှင် ကုဋေ တစ်သန်း တန်သော အမျိုးသမီးများ ဖြစ်ကြသည်ဟု ရွှေဝါပြည်သူပြည်သားတို့က မိမိတို့အမျိုးသမီးများ အတွက် ဂုဏ်ယူတတ်ကြ၏ ။

ထို့ထက်ပို၍ နှစ် လိုဖွယ်ကောင်းသည်ကား ရွှေဝါပြည်သူတို့သည်ဘာသာရေး အကြီးအကဲတို့၏ အနှောင်အဖွဲ့မှလည်းကောင်း၊ ဇာတ်အနိမ့်အမြင့်တို့၏ အဆီးအတားတို့မှလည်းကောင်း ကင်းလွတ်ကြ၍ တစ်ဖက်သားအပေါ်၌ ဟိန္ဒူနှင့် မဟာမေဒင်တို့ကဲ့သို့ လည်း မယုံမကြည် သံသယပွားများ တတ်ခြင်း မရှိ။ ဥရောပတိုက်သားများ အပေါ်၌ ဟန်ကြီးပန်ကြီး ပြုလုပ်လေ့ မရှိ။ အခြားသော ဘာသာ ဓလေ့ထုံးတမ်းများ ကိုလည်း ရှုတ်ချမုန်းတီးလေ့ မရှိ။ အလွန်ဖော်ရွေလျက် လူမှန်သမျှ အားလုံးတို့ကို ရိုသေကိုင်းရှိုင်းစွာ လေးလေးစားစား ဆက်ဆံတတ်၏ ။

ရွှေဝါပြည်သား ယောက်ျား၊ မိန်းမတိုင်း တစ်ဖက်သားအား ရိုသေကိုင်းရှိုင်းမှု ၊ နေထိုင်ပြောဆိုမှု ၊ နှစ် လိုဖွယ်ရာ ဖော်ရွေမှု တို့ ရှိကြ၏ ။ အဆင်းရဲဆုံး၊ အနွမ်းပါးဆုံး ဖြစ်သော သူများ ၌ ပင် ရိုးသား၏ ။ မွှန်ရည်၏ ။ ကျေနပ်ရှိ၏ ။ ကျွေးချင်မွေးချင်၏ ။ ရက်ရောစွာ ပေးကမ်းတတ်၏ ။ ရွှင်ရွှင်ပျပျနေထိုင်တတ်၏ ။ ကြင်နာခင်မင်တတ်၏ ။ ထိုလူမျိုးတို့၏ ဟာသနှင့် ရောင့်ရဲတင်းတိမ်မှု ကို မြင်ရသူတိုင်း အံ့သြကြရ၏ ။ လူအားလုံးပင် တင့်တောင့်တင့်တယ် ရှိ၏ ။ အလွန် ကြွယ်ဝချမ်းသာလွန်းသော သူ မရှိသကဲ့သို့ အလွန်ဆင်းရဲလွန်းသူများ လည်း မရှိကြ။

လူ တစ်ယောက် အလုပ်လုပ်လျှင် တစ်အိမ်ထောင်လုံး ငြိမ်းချမ်းစွာ ထိုင်စားနိုင်၏ ။ တစ်ရက် အလုပ်လုပ်လျှင် ငါးရက်ခန့် အလုပ်မလုပ်ဘဲထိုင်စားနိုင်၏ ။

ထို့ကြောင့် ရွှေဝါပြည်သူပြည်သားအပေါင်းတို့သည် ပွဲလမ်းသဘင်သို့ အတူသွားရာ၌ ဖြစ်စေ၊ ခရီးအတူသွားရာ၌ ဖြစ်စေ အားလုံးအတွက် ကုန်ကျမည့် စရိတ်ကို သူ့ထက်ငါ ဦးအောင် အလုအယက်ပြုကြလျက် တစ်ယောက် တည်းက တာဝန်ယူ၍ ထုတ်ပေး၏ ။

ရွှေဝါပြည်၌ ဆင်းရဲသော အိမ်တစ်အိမ် ဖြစ်စေကာမူ မိမိတို့အိမ်သို့ ဝင်ရောက်တည်းခိုလာလျှင် လူကို ဖြစ်စေ၊ တိရစ္ဆာန်ကို ဖြစ်စေ အမျိုးအမည် မခွဲခြားဘဲ၊ အဖိုးအခမယူဘဲ၊ အဆင့်အတန်း အနိမ့်အမြင့်မရွေးဘဲ အစားအစာ ကျွေး၏ ။ အိပ်ရာနေရာ ပေး၏ ။ အိမ်သားများ မစားမီ ဦးစွာ ကျွေးခြင်းလည်း ဖြစ်၏ ။ အိမ်သားများ မအိပ်သော အိမ်ဦးခန်း၌ သိပ်ခြင်းလည်း ဖြစ်၏ ။ ထိုတည်းခိုသော အိမ်မှ ဧည့်သည် ဖြစ်သူ ထွက်မသွားမချင်း ကျွေးထားတတ်ကြသည်လည်း ဖြစ်၏ ။

ကိုဧည့်သည်သည် မိမိ ဤသို့ တည်းခိုနေရသည့်အတွက် အလုပ်လုပ်ပေးရန်လည်း မလို။ အဖိုးအခပေးရန်လည်း မလို။ စားပြီးအိပ်၊ အိပ်ပြီးစားလျက် ငြိမ်းချမ်းစွာ မပူမပင်နေနိုင်၏ ။ အိမ်ရှင်သည် ကိုဧည့်သည်အားမိမိအိမ်ဦး၌ တင်၍ သခင်တစ်ဆူသဖွယ် လုပ်ကျွေးပြုစုနေလိမ့်မည် ဖြစ်၏ ။အချိန်ကြာလာသော ကြောင့် အိမ်ရှင်၏ ချစ်ဖွယ်ကောင်းသော သမီးပျိုနှင့် နီးစပ်လာလျှင် ကိုဧည့်သည်သည် ချစ်ရေး ငင်နိုင်ပါသေး၏ ။အိမ်ရှင်သိသွားလျှင် မှားကြောင်း ဝန်ခံလိုက်ပါဘိ။ ထို့နောက် အချစ်၏ တုပ်နှောင်ခံရသော မိမိသည် မိမိ၏ နှလုံးသည်းပွတ်ကို ဤအိမ်တွင် ထားခဲ့၍ ဟင်းလင်းပွင့်သော ရင်၊ အမှတ်သညာကင်းမဲ့သော ကိုယ်ဖြင့် ဤအရပ်မှ ထွက်ခွာ သွားပါတော့မည် ။ မိမိ ကျူး လွန်မိသည့် အပြစ်ဒဏ်ကိုဤအိမ်သားတို့၏ မျက်ကွယ်အရပ်၌ တစ်သက်လုံး ကြိတ်မှိတ်ခံစားသွားပါတော့မည် ဟု မျက်ရည်ခံထိုး၍ ပြောလိုက်ပါ။

ဤသို့ လုပ်ပြလိုက်မည် ဆိုပါလျှင် ကိုဧည့်သည်သည် မည် သည့်လူမျိုးပင် ဖြစ်ပါစေ စိတ်ချလက်ချ ထိုအိမ်ထက်တွင် ... သမက်အ ဖြစ်နှင့် နေသွားနိုင်၏ ။ အကယ်၍ ထိုအိမ်က လက်မခံဘူး ဖြစ်စေဦး။ ကိုဧည့်သည်အဖို့ ဘာမှ စိတ်မပူပါနှင့် ။ အခြား ရွှေဝါသူများ က ကိုဧည့်သည်အား အလွန်ကြင်နာသနားကြလျက် ဆွဲခေါ်သွားကြလိမ့်မည် ဖြစ်၏ ။ စိတ်ချပါလေ။သို့သော် ထူးခြားချက်တစ်ခု ရှိသည်။ ရွှေဝါပြည်သူတိုင်းသည် အိမ်ထောင်ရေး၊ စီးပွားရေး တို့၌ လင် ဖြစ်သူနှင့် တန်းတူအခွင့်အရေး ရှိ၏ ။ လင်တိုင်းက မယားတိုင်းကို စီးပွားဖက်ဟု အသိအမှတ်ပြု၏ ။ အိမ်ထောင်တွင် းပစ္စည်းကို လင်မယားနှစ် ဦး ပိုင်ဆိုင်၏ ။ သဘောချင်း မတိုက်ဆိုင်လျှင်၊လင်မယားကွဲကြလျှင် ရှိပစ္စည်းကို လင်နှင့် မယား

သရက်စေ့ထက်ခြမ်းခွဲခွဲဝေယူကြရ၏ ။ ရွှေဝါပြည်၌ မယားသည် သော့ကိုင် ပစ္စည်းထိန်း ဖြစ်၏ ။ရွှေဝါပြည်တွင် ရွှေဝါပြည်သူပြည်သားတို့ လိုက်နာကျင့်သုံးကြရသော စည်းကမ်းသတ်မှတ်ချက်တွေ ရှိ၏ ။ ထိုစည်းကမ်းသတ်မှတ်ချက်တို့၌ ...

လင်သည် မယားကို မိမိနှင့် ထပ်တူ ထားရ၏ ၊ ဥစ္စာ အပ်ရ၏ ၊ မိမိမယားမှတစ်ပါး အခြားမိန်းမများ ကို မပြစ်မှား ရ၊ ဝတ်စားတန်ဆာ ဆင်ရ၏ ၊ မြတ်နိုးကြင်နာရ၏ ဟူသော အချက်များ ရှိ၏ ။ ထို့အတူ မယားတို့ကလည်းအိမ်တွင်း မှု လုပ်ဆောင်ရ၏ ၊ လင်ရှာဖွေသော ပစ္စည်းကို စနစ်တကျသိမ်းဆည်းရ၏ ၊ မိမိလင်မှတစ်ပါး အခြားသော ယောက်ျားများ နှင့် မဖောက်ပြန်ရ၊ မိမိတို့ စီးပွားပစ္စည်းကို သင့်လျော်စွာ သုံးစွဲရ၏ ။ ပျင်းရိခြင်း မရှိစေရဟူသော စည်းကမ်းချက်တို့ ရှိ၏ ။

ထိုစည်းကမ်းချက်တို့အရ ရွှေဝါပြည်သူတို့သည် ကမ္ဘာ၌ မည် သည့်အရပ်၊ လူမျိုးနှင့် မျိုးနွယ်မရသော ယောက်ျားနှင့် တန်းတူ အကျိုးခံစားခွင့်၊ရင်ပေါင်တန်းနိုင်ခွင့် ရှိနေကြ၏ ။ ကမ္ဘာ့အမျိုးသမီးများ အားလုံးတို့အထဲ၌ အလွတ်လပ်ဆုံးသော အမျိုးသမီးများ ဖြစ်ကြ၏ ။

သို့သော် ရွှေဝါပြည်သူကို လိုချင်သော ကိုဧည့်သည်အဖို့ ဘာမျှမစိုးရိမ်ပါနှင့် ။ သဘောကောင်း၍ ကြင်နာလိုက်လျောလွယ်သော ရွှေဝါပြည်သူတို့သည် မိမိတို့ယူမိသော လင်က မိမိတို့အပေါ်၌ ရွှေဝါပြည်သားလင်တို့ကဲ့သို့ မကျင့်သုံးစေကာမူ ...

ရွှေဝါပြည်သူတိုင်းသည် မိမိတို့ယူထားသည့် လင့်အပေါ်၌ မိမိတို့ပြုလုပ်ရမည့် ဝတ္တရား မပျက်ကွက်ရုံမျှမက ကိုဧည့်သည်တို့၏ ဘာသာဓလေ့ကိုလည်း အလွယ်တကူ လိုက်လျောလက်ခံကြလိမ့်မည် ဖြစ်၏ ။ဘာသာရေး နှင့် ပတ်သက်၍ ရွှေဝါပြည်သူပြည်သားတို့သည် ထိုင်းလင်းပြည်သား၊ လောပြည်သား၊ ကမ္ဘောဒီးယားပြည်သား၊ မြန်မာပြည်သားတို့နှင့် ထပ်တူ ဖြစ်၏ ။

ဟိန္ဒူပြဟ္မဏတို့၏ အယူအဆ ဟင်းလေးအိုးအနှစ် တွင် ဂေါတမဗုဒ္ဓ၏ ဆားမြက်မြက်ဖြင့် ခတ်ပေးထားသော ထေရဝါဒအယူကို ယူကြ၏ ။ထို့ကြောင့် အမျိုးများ ၊

ဇာတ်များ ကို ခွဲခြားမှု ရှိသော် လည်း ပြင်းထန်မှု မရှိ။ များ ပြားသော ဘာသာရေး စည်းကမ်းချက်များ ရှိသော် လည်း ထိုစည်းကမ်းချက်တို့ကို ဤသို့ ကျူး လွန်လျှင် နောင်တမလွန်၌ ဤပုံ ခံရမည် ၊ ဤသို့ ပြုလုပ်လျှင် နောင်တမလွန်၌ ဤနှယ် ခံရမည် ဟူသော ယုံကြည်စေမှု ဖြင့် ထိန်းသိမ်းပေး၏ ။

ရွှေဝါပြည်သား ဘုန်းတော် ကြီးတို့သည် ဤအလွန်ကြင်နာတတ်၊ အလွန်ယုံကြည်တတ်၊ အလွန်လိုက်လျောတတ်၊ အလွန်ပျော်ရွှင်တတ်သော ရိုးသားသည့် ရွှေဝါပြည်သားတို့အား နောင်တမလွန်၌ ခံရ၊ စံရမည့် အကြောင်းများ ကို တဖွဲ့တနွဲ့ ပြောကြ၏ ။ မိမိတို့ကိုယ်တိုင် တကယ်ရောက်လာ၊ သိလာ၊ မြင်လာသကဲ့သို့ လည်း ပြော၏ ။ မိမိကိုယ်တိုင် ပြင်းပြင်းထန်ထန်၊ တကယ်ယုံယုံကြည်ကြည်နှင့် ပြောကြခြင်းလည်း ဖြစ်၏ ။ ဤသို့ ဖြင့် ရွှေဝါပြည်သူပြည်သားတို့၏ ကိုယ်ကျင့်တရားများ ကိုကောင်းမွန်အောင် ထိန်းသိမ်းလာနိုင်ခဲ့ကြသည်။

ဤသည်တို့ကား လွန်ခဲ့သော ၈၅ နှစ် ခန့်က ရွှေဝါပြည်ကို အင်္ဂလိပ်လူမျိုး တစ်ယောက် က မြင်ရသော အမြင်၏ တစ်စိတ်တစ်ဒေသ ဖြစ်၏ ။ဤမှတ်တမ်းတွေ အတိုင်း ဟုတ်သည်ဆိုလျှင် ရွှေဝါပြည်သည် လွန်ခဲ့သည့် အနှစ် ၉၀၀ ကျော်က ကြီးကျယ်ခမ်းနားလှသော တိုးတက်သည့်တိုင်းပြည်တစ်ပြည် ဖြစ်ခဲ့၍ လွန်ခဲ့သည့် အနှစ် ၉၀၀ ၏ နောက်ပိုင်းတွင် ပြောပလောက်အောင် တိုးတက်မှု မရှိ ရပ်တန့်နေသည်ဟု ယုံကြည်နိုင်၏ ။မှတ်တမ်းနှစ် မျိုးအနက် ပထမမှတ်တမ်း နှစ် ခု၌ ဘုရင်၏ အကြောင်းနှင့် စစ်တပ်များ အကြောင်း ပါ၏ ။ အနှစ် ၉၀၀ မျှကွာခြားပြီးနောက် ရွှေဝါပြည်သို့ ရောက်လာသော အင်္ဂလိပ်လူမျိုး ဖိုက်ချ်ရေး သည့် ဒုတိယမှတ်တမ်းတွင် ရွှေဝါပြည်ဘုရင်နှင့် စစ်တပ်များ အကြောင်း မပါလာတော့။

ဤသည်ကိုထောက်၍ ရွှေဝါပြည်၌ ထိုအချိန်တွင် ဘုရင်နှင့် စစ်တပ်တို့ မရှိကြပြီဟု သိရ၏ ။ ရွှေဝါပြည်သူပြည်သားတို့၏ လူနေမှု စနစ်၊ စိတ်နေစိတ်ထားနှင့် ဆင်ယင်ထုံးဖွဲ့မှု တို့ကား အနှစ် ၉၀၀ အတွင်း း ထူးထူးခြားခြားမပြောင်းလဲ။ အခြေခံအားဖြင့် ထပ်တူထပ်မျှလောက် ဖြစ်၏ ။ဤသို့ ဝတ်စားဆင်ယင်မှု နှင့် ဓလေ့ထုံးစံများ

မပြောင်းလဲကြပါဘဲလျက် ရွှေဝါပြည်တွင် ဘာကြောင့် အစဉ်အဆက် အုပ်စိုးလာခဲ့ကြသော မင်းဆက်များ ပြုတ်သွားရပါသနည်း။

အချို့က တွေးထင်ကောင်း တွေးထင်ကြပေမည် ။ ရွှေဝါပြည်ရှိ ဘုရင်တို့သည် ပဒေသရာဇ်စနစ်အတိုင်း သက်ဦးဆံပိုင် အုပ်စိုးလာကြသော ဘုရင်များ ဖြစ်ကြ၍ ခေတ်နှင့်အတူ အရင်းရှင်စနစ်၏ လွှမ်းမိုးမှု ကို ခံရသော ကြောင့် ပျောက်သုဉ်းသွားရပါသည်ဟု ဆိုကောင်း ဆိုကြပေမည် ။ဤသို့ ဆိုလျှင်လည်း မှန်သင့်သလောက် မှန်ပါလိမ့်မည် ။ သို့သော ဘုရင်စနစ်ကြောင့် ချည်း မဟုတ်ပါ။ အင်္ဂလန်ပြည်နှင့် တကွ ထိုင်းလင်းစသော အခြားသော တိုင်းပြည်အချို့၌ ယခုထက်တိုင် ဘုရင်ထားသော စနစ်ဖြင့် အုပ်စိုးနေကြပါသေးသည်။ သို့သော် ရွှေဝါပြည်ကဲ့သို့ မ ဖြစ်ကြ။

စင်စစ်ကား ရွှေဝါပြည်မင်းဆက် ပြုတ်သွားရခြင်းသည် ရွှေဝါပြည်သားတို့အား အခြားသော တိုင်းတစ်ပါးသားတို့က အနိုင့်အထက် လာရောက်စိုးမိုးကြသော ကြောင့် ဖြစ်၏ ။ ရွှေဝါပြည်ကြီး ထီးကျိုးစည်ပေါက် ဖြစ်လိုက်ရလျက် ရွှေဝါပြည်သူပြည်သားတို့၏ သူ့ကျွန်အဖြစ် ခံကြရပုံ အခြင်းအရာသည် လူတို့၏ ဖြစ်ရပ်ကို လေ့လာလိုသူ ဝါသနာရှင်တို့အတွက် အလွန်စိတ်ဝင်စားဖွယ်ကောင်း၏ ။

အကြမ်းအားဖြင့် ရွှေဝါပြည်ကြီးတစ်ပြည်လုံး သူ့ကျွန် ဖြစ်သွားကြရခြင်း၏ လိုရင်းကို အကျဉ်းချုပ် ဖော်ပြရသော် ...

♥ ♥ ♥